## "၅၅ လမ်းစဉ်" ကိစ္စ ဖြစ်ခဲ့သမျှ (ကိုယ်တွေ့ အတွေ့အကြုံကို ရေးပါတယ်။)
## (ပါတီတွင်းသာ)

(၁) ကျွန်တော်တို့ ပြည်နယ်ကော်မတီက ပါတီဗဟိုရဲ့ ဆုံးဖြတ်ချက် (စာတမ်း) မရခင်ကတည်းကပဲ အလံနီနဲ့ PCP (ပြည်သူ့ရဲဘော်ပါတီ) ရဲ့ ကြေညာချက်ကို ရတယ်။

- ❖ အလံနီက "ကျွန်ပွဲစားကြီး သခင်သန်းထွန်း" ခေါင်းစီးနဲ့
- ❖ PCP က "သခင်သန်းထွန်းတို့လူစု လက်နက်ချဖို့ ပြင်ပြီ" ခေါင်းစီးနဲ့ ထုတ်ကြတာပဲ။
- ❖ 'ဗကပ' က ခွဲထွက်ခဲ့ကြတဲ့ လှမင်း (ရှမ်းပြည်) ရဲ့ဂိုဏ်းကလည်း သံယောင်လိုက်ပြီး ထုတ်ပြန်ချက် ထုတ်တယ်။ ဆန့်ကျင်တယ်။
- ❖ ပြည်နယ်ထဲက တချို့မြို့နယ်တွေကိုတော့ မိုလ်စံလင်း (KNUP) က '၅၅ လမ်းစဉ်' ကို ဆန့်ကျင်ဖို့ လိုက်ဆွေးနွေးတယ်။
- ❖ ကျွန်တော်တို့က ဗဟိုရဲ့ တရားဝင်စာတမ်း မရသေးဘူး။

(၂) ပါတီမှာ DC (ဗဟိုဦးစီးချုပ်ကိုင်မှု) ရှိတော့ -

- မြို့နယ်တချို့က ပြည်နယ်ကိုပဲ အခုလမ်းစဉ်သစ်ကို သဘောမတူဘူးလို့ စာရေးတင်ပြကြတယ်။ (ဘေးကို မဖြန့်ဘူး။ ထိန်းသိမ်းကြတယ်။ ကျွန်တော်တို့ရဲ့ ပြည်နယ်က ဘာမှပြန်ပြီးရှင်းပြတာ မလုပ်နိုင်ခဲ့ဘူး။ တရားဝင်စာတမ်း မရသေးလို့။)
- ဗကပ ထဲက ဒီကိစ္စမှာ DC ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်တာက မောင်စူးစမ်းပဲ။ (ဆိုရှယ်လစ်) မြန်အောင်ချစ်မောင်ကို 'ချမ်းအေးစစ်တမ်း' ရေးပြီး တင်ပြတော့ 'သတင်းစာ ရှင်းလင်းပွဲ' လုပ်ပေးတယ်။ 'ဆွေးနွေးမနေနဲ့။ အရင်လက်နက်နဲ့ ဒီမိုကရေစီလဲလိုက်ပါ' ဆိုတာကို ဆိုရှယ်လစ်တွေ သိပ်ကြိုက်တယ်။ ဒါကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သွားတယ်။ မောင်စူးစမ်းလည်း တိုင်းကျော်ပြည်ကျော် ဖြစ်သွားတယ်။ [အခုလည်း NLD ကို (အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို) အကြံပေးနေပြန်ပြီ။ 'ဒိုင်ယာလော့ တောင်းမနေနဲ့၊ အရင် ရွေးကောက်ပွဲဝင်လိုက်' လို့ အကြံပေးတာပဲ။ ဒါကို နအဖ က သိပ်ကြိုက်တယ်။]

(၃) ဇာတ်ပေါင်းလိုက်တော့ - PCP လက်နက်ချတယ်။ အလံနီ လက်နက်ချတယ်။ (ရှမ်းပြည်လှမင်း) ဂိုဏ်း လက်နက်ချတယ်။ သူတို့အားလုံး မောင်စူးစမ်းနဲ့ မဆလ မှာ ဆုံကြတယ်။ ဒါပါပဲ။

(PHQ)
၃ - ၁၁ - ၂၀၀၉